<u>စာတမ်းရှင်များ သိရှိလိုက်နာရမည့် အချက်များ (Instructions to Authors)</u>

**၁။ စာတမ်းအကျဉ်း**(Abstract)

စာတမ်းအကျဉ်းသည် စာလုံးရေ ၃၀၀ မှ ၅၀၀ အတွင်းသာဖြစ်ရပါမည်။ စာတမ်းအကျဉ်းတွင် စာတမ်းအမည်၊ စာတမ်းပြုစုသူ(များ)၊ လိပ်စာ၊ ဖုန်းနံပါတ်၊ email address၊ ရည်ရွယ်ချက်နှင့် လေ့လာသည့်အကြောင်းအရာ၊ အဓိကရှာဖွေတွေ့ရှိချက်၊ သုတေသနဆိုင်ရာ၊ တိုင်းရင်းဆေးပညာဆိုင်ရာ အရေးကြီးအချက်အလက်နှင့် သုံးသပ်ချက်တို့ ပါဝင်ရပါမည်။ စာတမ်းအကျဉ်းတွင် မိမိ၏စာတမ်းနှင့် ပတ်သက်သည့် အချက်အလက် အကျဉ်းချုပ်ပါဝင်ရပါမည်။

**၂။ စာတမ်းအပြည့်အစုံ**(Full Paper)

စာတမ်းအပြည့်အစုံကို အောက်ပါအချက်အလက်များနှင့်အညီ ရေးသားပြုစုကြရမည်ဖြစ်ပါသည်။

(က) စာတမ်းခေါင်းစဉ် (Title)

(ခ) စာတမ်းပြုစုသူ(များ)(Authors)

(ဂ) နိဒါန်း (Introduction)

(ဃ) ရည်မှန်းချက်/ရည်ရွယ်ချက်(များ)(Objectives)

(င) အသုံးပြုသည့် ဝတ္ထု၊ ပစ္စည်း၊ လူ၊ ပြုလုပ်ဆောင်ရွက်ပုံနည်းလမ်း (Materials & Methods) လေးနက်သည့် အကျိုးအကြောင်းတင်ပြချက်

(စ) တွေ့ရှိချက်နှင့်ဆွေးနွေးသုံးသပ်ချက်များ (Findings & Discussions)

(ဆ) ကောက်ချက်ဆွဲခြင်း၊ အကြံပြုခြင်း (Conclusion & Suggestion)

(ဇ) ကျေးဇူးတင်လွှာ (Acknowledgement)

(ဈ) ကျမ်းကိုးအညွှန်းများ (References)

စာတမ်းအား စာမျက်နှာတစ်ဖက်တည်း ကွန်ပျူတာဖြင့် ပြုစုရပါမည်။ မိမိ၏ စာတမ်းအကျဉ်း နှင့် စာတမ်းအပြည့်အစုံကို ကွန်ပျူတာဖြင့်ရိုက်နှိပ်ရာတွင် Microsoft Word Document Format ကို အသုံးပြု၍ အင်္ဂလိပ်ဘာသာကို Times New Roman, Font Size 12

ဖြင့်လည်းကောင်း၊ မြန်မာဘာသာကို Win Researcher, Font Size 16 သို့မဟုတ် Win Innwa, Font Size 16 ဖြင့်လည်းကောင်း Line Spacing 1.5 ဖြင့် စာစီပြီး ကွန်ပျူတာစာမူ (Hard Copy (၂)စုံ၊ စီဒီခွေ Soft Copy) တို့ကို ပေးပို့ရပါမည်။ စာတမ်းရွေးချယ်ခြင်းခံရပါက Microsoft Office, Power Point Format ကို အသုံးပြု၍ ရှင်းလင်းတင်ပြထားသော Power Point Presentation များကို မိမိအစီအစဉ်ဖြင့် ပြုစုရပါမည်။

စာတမ်းအပြည့်အစုံသည် စာလုံးရေ ၃၅၀၀ မှ ၄၀၀၀ အတွင်းသာ (ကွန်ပျူတာဖြင့် စာမျက်နှာရွက်ရေ ၄ မျက်နှာ မှ ၅ မျက်နှာ အတွင်းသာ) ဖြစ်ရပါမည်။

ပိုစတာတင်သွင်းသူများအနေဖြင့် ပိုစတာဆိုဒ်အား အလျား ၆ ပေ၊ အနံ ၄ ပေ ဖြင့် တင်သွင်းရမည်။ ကွန်ပျူတာစာမူ (Hard Copy (၂)စုံ၊ စီဒီခွေ Soft Copy)တို့ကို ပေးပို့ရပါမည်။

**၃။ စာတမ်းရှင်၏ ကိုယ်ရေးအချက်အလက်**

စာတမ်းရှင်၏ ကိုယ်ရေးအချက်အလက်များကို သီးခြားစာရွက်ဖြင့် ရေးသားပေးပို့ရပါမည်။ (အမည်၊ ရာထူး၊ ဌာန၊ အလုပ်အကိုင်၊ ပညာအရည်အချင်းနှင့်ရရှိသောဘွဲ့(များ)၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်၊ email address)